# အရေပြားပန်းချီ

စာရေးသူ.....သက်တန့်ချို (၆.၃.၁၀)



Ariana Page က ရှားပါးတဲ့ ပန်းချီဆရာမတစ်ဦး ဖြစ်ပါတယ် ။ သူမပန်းချီဆရာမ ဖြစ်လာရခြင်း အကြောင်းကတော့ သူမဟာ ငယ်စဉ်ကတည်းက dermatographia ဆိုတဲ့ ရောဂါဆန်းတစ်မျိုး စတင်ခံစားရခြင်းကနေ အစ ပြုခဲ့ပါတယ် ။ Dermatographia ဆိုတာ ဓါတ်မတည့်တဲ့ ကိုယ်ခံအားစနစ်တစ်ခုဖြစ်ပြီး အထူးသဖြင့် သွေးကြောမျှင်လေးတွေကို ကျယ်စေတဲ့ histamine တွေ အများကြီး ထွက်စေတဲ့ အခြေအနေဖြစ်ပါတယ် ။ Histamine တွေ အများကြီးထွက်လာတဲ့အခါ နာရီဂက်လောက်ကြာရင် အရေပြားပေါ်မှာ သာမန် ခြစ်ရာ လေး တစ်ခုကတောင် အစင်းကြောင်းကြီးတွေ ထင်ကျန်စေခဲ့ပါတယ် ။ သူမဟာ သူမရဲ့ ခန္ဓာကိုယ်မှာ ပုံစံမျိုးစုံ ခြစ်ရာ မျိုးစုံကိုရေးဆွဲခဲ့ပြီး ယခုအခါမှာ ပန်းချီကားချပ်တွေကိုတောင် သူမကိုယ်ပေါ်မှာ ရေးဆွဲနေတဲ့ ပန်းချီ ဆရာမတစ်ဦး

ဖြစ်လာပါတယ် ။

















